**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ**

**ညွှန်ကြားချက်အမှတ်၊ ၄/၂၀၁၆**

**နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁၁) ရက်**

**၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်**

၁။ အသေးစား ငွေရေးကြေးရေးလုပ်ငန်းဥပဒေပုဒ်မ ၆၈ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ၂၅-၇-၂၀၁၆ ရက်နေ့တွင် ကျင်းပသော အသေးစား ငွေရေး ကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီအစည်းအဝေးအမှတ်စဉ် (၁/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသည် ဤညွှန်ကြားချက်အမှတ် ၄/ ၂၀၁၆ ကို ထုတ်ပြန်လိုက်သည်။

၂။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် အသင်းဝင်များထံမှ စုဆောင်းငွေ လက်ခံခြင်းနှင့် အနည်းဆုံးထည့်ဝင်ရမည့် မတည်ငွေရင်းသတ်မှတ်ခြင်းတို့နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) အသင်းသားများထံမှ စုဆောင်းငွေလက်ခံခြင်း

(၁) အသင်းသားများထံမှ မဖြစ်မနေစုဆောင်းငွေကို ချေးငွေပမာဏ၏ ၅ % ထက် မပိုစေဘဲ လက်ခံရန်နှင့် စုဆောင်းငွေအပေါ် အတိုးနှုန်းကို တစ်နှစ်လျှင် ၁၅% ထက် မနည်းပေးရန်။

(၂) အသင်းသားများထံမှ ဆန္ဒအလျောက် စုဆောင်းငွေလက်ခံခြင်းကို သတ်မှတ်ထားသော (Solvency Ratio) ထက် ကျော်လွန်မှုမရှိစေဘဲ လက်ခံဆောင်ရွက်ရန်နှင့် စုဆောင်းငွေအပေါ် ပေးသည့်အတိုးနှုန်းကို တစ်နှစ်လျှင် ၁၀% ထက် မနည်းစေရန်။

(၃) အသင်းသားမဟုတ်သူများထံမှ အပ်ငွေလက်ခံခြင်းမပြုရ။

(၄) အပ်ငွေလက်ခံသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် အောက်ပါအချက်များနှင့် ပြည့်စုံရမည်-

(ကက) အနည်းဆုံးထည့်ဝင်ရမည့် မတည်ငွေစာရင်းလက်ကျန် ကျပ်သန်း (၃၀၀) ရှိရမည်။ စုစုပေါင်းပိုင်ဆိုင်မှု (Total Equity) ကျပ်သန်း (၃၀၀) ထက် မနည်းရှိရမည်။

(ခ ခ) မြန်မာနိုင်ငံတွင် အသေးစားငွေရေးကြေးရေးလုပ်ငန်းဆောင်ရွက်မှု အတွေ့အကြုံ အနည်းဆုံး (၃) နှစ်ရှိရမည်။

(ဂ ဂ) အနည်းဆုံး (၂) နှစ်ဆက်တိုက် အမြတ်ရရှိသောအဖွဲ့ ဖြစ်ရမည်။

(ဃဃ) ကောင်းမွန်စွာလည်ပတ်သုံးစွဲနိုင်သော သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ် (MIS) စနစ်ရှိရမည်။

(င င) အတွင်းထိန်းချုပ်မှု (Internal Control) ခိုင်မာတောင့်တင်းသော အဖွဲ့အစည်းဖြစ်ရမည်။

(စ စ) သတ်မှတ်စည်းကမ်းချက်များကို ကောင်းမွန်စွာ လိုက်နာဆောင်ရွက်သော အဖွဲ့အစည်းဖြစ်ရမည်။

(၅) အပ်ငွေလက်ခံသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းအဖြစ် လက်ရှိခွင့်ပြုထားသောအဖွဲ့အစည်းများသည် အထက်အပိုဒ် (၄) ပါ သတ်မှတ်ချက်များနှင့် မပြည့်စုံသေးပါက ပြည့်စုံရန် (၂) နှစ် အချိန်ယူဆောင်ရွက်နိုင်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် အခြားအသေးစားငွေရေးကြေးရေးအဖွဲ့အစည်းနှင့် ပူးပေါင်းခြင်း၊ ဖက်စပ်ဆောင်ရွက်ခြင်း၊ အပ်ငွေလက်မခံသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းအဖြစ် ပြောင်းလဲခြင်း၊ လုပ်ငန်းလိုင်စင်ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်နိုင်သည်။

(၆) အနည်းဆုံးထည့်ဝင်ရမည့် မတည်ငွေရင်းပမာဏသတ်မှတ်ခြင်း-

(ကက) အပ်ငွေလက်ခံသည့် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ။ အပ်ငွေလက်ခံသော အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများသည် အနည်းဆုံးထည့်ဝင်ရမည့် မတည်ငွေရင်း ကျပ်သန်း (၃၀၀) ထည့်ဝင်ရမည်။

(ခ ခ) အပ်ငွေလက်မခံသည့် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ။ အပ်ငွေလက်မခံသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် အနည်းဆုံးထည့်ဝင်ပြီး မတည်ငွေရင်း ကျပ်သန်း (၁၀၀) ထည့်ဝင်ရမည်။

(ဂ ဂ) လက်ရှိ အပ်ငွေလက်မခံသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းအဖြစ် ခွင့်ပြုထားသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် ထည့်ဝင်ပြီး မတည်ငွေရင်း ကျပ်သန်း (၁၀၀) ပြည့်မီစေရန် အချိန် (၂) နှစ်အတွင်း ဆောင်ရွက်ရမည်။

(ဃဃ) သတ်မှတ်ကာလအတွင်း ကျပ်သန်း (၁၀၀) ပြည့်မီအောင် ဆောင်ရွက်နိုင်စွမ်းမရှိသော အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများသည် အခြားအသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းခြင်း၊ ဖက်စပ်ဆောင်ရွက်ခြင်း၊ လိုင်စင်အပ်နှံခြင်းများ ဆောင်ရွက်နိုင်သည်။

၃။ အပ်ငွေလက်ခံသော အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းအဖြစ် ခွင့်ပြုထားသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် ယခုထုတ်ပြန်သော ညွှန်ကြားချက်နှင့် ညီညွတ်စေရန် အပ်ငွေလက်ခံသော အဖွဲ့အစည်းအဖြစ် ဆက်လက်ဆောင်ရွက်လိုပါက အပိုဒ် ၂ (က) (၄) ပါ သတ်မှတ်ချက်များ ရှင်းလင်းစွာဖော်ပြလျက် ထပ်မံလျှောက်ထားရမည်။

ကျော်ဝင်း

ဥက္ကဋ္ဌ

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

အမိန့်အရ

(ဒေါက်တာစန္ဒာဦး)

အတွင်းရေးမှူး

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ